**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**ညွှန်ကြားချက်အမှတ် ၊ ၁/၂၀၁၅**

**နေပြည်တော် ၊ ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်**
**၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်**

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ဤ ညွှန်ကြားချက်အမှတ် ၊ ၁/၂၀၁၅ ကိုထုတ်ပြန်လိုက်သည်။

၂။ ၁၇-၂-၂၀၁၅ ရက်နေ့တွင်ကျင်းပသော အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီ အစည်းအဝေးအမှတ်စဉ်( ၁ / ၂၀၁၅ ) ကြိမ်မြောက် ဆုံးဖြတ်ချက်အရ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အောက်ပါစည်းမျဉ်း သတ်မှတ်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် သတ်မှတ်လိုက်သည်-

(က) **အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများလက်ခံနိုင်သော အသင်းသားများက မဖြစ်မနေစုဆောင်းရသည့် စုဆောင်းငွေနှင့် မိမိဆန္ဒအလျောက်စုဆောင်းသည့် အပ်ငွေပမာဏသတ်မှတ်ခြင်း**

(၁) **အသင်းသားများက မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေ ပမာဏ သတ်မှတ်ခြင်း**

(ကက) အပ်ငွေ လက်ခံခြင်း မပြုသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် မဖြစ်မနေ စုဆောင်းငွေများ လက်ခံ ဆောင်ရွက်ရာတွင် အသင်းသားများ ချေးငွေရယူသည့်အခါတိုင်း အသင်းသားများကမဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေများ (Compulsory Saving) ကို ၎င်းတို့ရယူသည့် ချေးငွေပမာဏ၏ ၅% ထက်မပိုစေဘဲ ရယူလက်ခံနိုင်သည်။

(၂) **အသင်းသားများက မိမိဆန္ဒအလျောက် စုဆောင်းသည့် အပ်ငွေပမာဏ သတ်မှတ်ခြင်း**

(ကက) အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် စုဆောင်းငွေ / အပ်ငွေများလက်ခံရာတွင် အသင်းသားများက ချေးငွေ ရယူသည့်အခါတိုင်း မဖြစ်မနေစုဆောင်းရသည့် စုဆောင်း ငွေများ(Compulsory Saving) ကို အထက်အပိုဒ် ၁(ကက) ပါ သတ်မှတ်ထားသော စုဆောင်းငွေပမာဏအပြင် အသင်းသားမှ ဆန္ဒအလျောက် စုဆောင်းသည့် အပ်ငွေပမာဏ ( Voluntary Saving)ကို ၎င်းတို့ချေးယူသည့် ချေးငွေပမာဏ၏ ၅% ထက်မပို စေဘဲ ရယူလက်ခံနိုင်သည်။

(ခခ) ချေးငွေ ရယူခြင်းမရှိသော အသင်းဝင်များထံမှ ဆန္ဒအလျောက် အပ်ငွေ/စုဆောင်းငွေရယူခွင့်မရှိပါ။

၃။ အထက်ပါ သတ်မှတ်ချက်များကို ဈေးကွက်အခြေအနေနှင့်အညီ လိုအပ်ပါက ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက - ၁ / ၆ ( ၀၀၅ / ၂၀၁၅ )
ရက် စွဲ၊ ၂၀၁၅ ခုနှစ် ဧပြီ လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
ဥက္ကဋ္ဌ ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး
အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်နေသောအဖွဲ့အစည်းများအားလုံး
နေပြည်တော်ကောင်စီ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများအားလုံး ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

30/4/2015
(ဝင်းအောင်)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ